EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၁)၊ အမှတ်-၃ လစဉ်သတင်းလွှာ ဩဂုတ် ၁၄ ရက်၊ ၂၀၁၉



# ကျား-မတန်းတူညီမျှရေး ဘာအခက်အခဲတွေ ရှိနေလဲ

ဇူလိုင် ၁၅၊ ၂၀၁၉

မြန်မာနိုင်ငံတွင် ကျား-မရေးရာတန်းတူညီမျှမှုရှိရေးအတွက် မြှင့်တင်လုပ်ဆောင်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၁၀ ရက်နေ့က ရန်ကုန်မြို့ Mercure Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲသည် International Development Research Centre (IDRC) မှပြုလုပ်သည့် The Knowledge Hub and Market Place 2019 အစီအစဉ်အောက်တွင် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် IDRC ၏ ထောက်ပံ့မှုဖြင့် ကျား-မရေးရာနှင့်ပတ်သက်သည့် သုတေသနပြုလုပ်နေသည့် အဖွဲ့အစည်း (၄) ဖွဲ့မှ ပါဝင်ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံအတွင်း ကျား-မရေးရာတန်းတူညီမျှမှုအပေါ် သဘောထား၊ စိန်ခေါ်မှုများနှင့် သုတေသနတွေ့ရှိချက်တချို့ကို ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်အချို့ကို ကောက်နုတ်ဖော်ပြပါသည်။

ဤလစဉ်သတင်းလွှာကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ကူညီထောက်ပံ့မှုဖြင့် ထုတ်ဝေပါသည်။ သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။



**ဒေါ်ခင်မမမျိုး**

ဦးဆောင်ဒါရိုက်တာ

Myanmar Institute of Gender Studies (MIGS)

## ခွဲခြားဆက်ဆံမှုက အမျိုးသမီးတွေဆီက ပိုတွေ့ရတယ်

ကျွန်မတို့ Advocacy က ဧရိယာလေးခုလုပ်နေတယ်။ Meta level အနေနဲ့ကြုံရတဲ့ အခက်အခဲကတော့ social norms တွေ ဖြစ်ပါတယ်။ အရမ်းထူးခြားတာတစ်ခုက အမျိုးသားက အမျိုးသမီးကို ခွဲခြားဆက်ဆံမှုတွေလုပ်နေတယ်လို့ ထင်ကြတယ်။ ကျွန်မ Male Policy Maker တွေနဲ့ အဲဒီအခက်အခဲ သိပ်မတွေ့ရဘူး။ အမျိုးသမီးတွေနဲ့တော့ တွေ့ရတယ်။ သူတို့ကိုယ်တိုင် ခေါင်းဆောင်ဖြစ်နေတယ်၊ ပါဝင်နေတာပဲဆိုပြီးတော့ မြန်မာပြည်ရဲ့ ဝ ဒသမ ၀၁ ရာခိုင်နှုန်းလောက်ကို ကိုယ်စားပြုထားသူတွေက မြန်မာပြည်ထဲမှာ အမျိုးသမီးတွေခေါင်းဆောင်မှုမှာ ပြည့်စုံနေပြီ၊ ကျား-မရေးရာတန်းတူညီမျှမှု ပြည့်စုံနေပြီဆိုပြီး ကျား-မရေးရာတန်းတူညီမျှမှုလုပ်ရှားမှုကို သိပ်အရေးမပါဘူးလို့ ယူဆတာကို အမျိုးသမီးအများစုဆီက တွေ့ရပါတယ်။ နောက်တစ်ခုက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေဖြစ်တဲ့အခါ အမျိုးသမီးတွေ အဝတ်အစားလုံလုံခြုံခြုံမဝတ်လို့ဖြစ်တာပါဆိုတဲ့ကိစ္စရပ်တွေကို အမျိုးသမီးတွေကပဲ advocate လုပ်နေလို့ ကျွန်မတို့က ဒါမဟုတ်ပါဘူးဆိုပြီး ပြန်ပြောနေရပါတယ်။

## Gender လို့ပြောတိုင်း အမျိုးသမီးအရေးလို့ သတ်မှတ်လိုက်ကြတယ်

Gender and Women Affairs လို့ပြောလိုက်တိုင်း ဘာသာပြန်လိုက်တာက Women လို့ဖြစ်သွားပြီး ဒါကို အများပြည်သူက လက်ခံသွားတယ်။ မြန်မာနိုင်ငံမှာ Women လို့ဆိုလိုက်တာနဲ့ ပါဝါရှိသူများရဲ့ အမျိုးသမီးများ ဦးဆောင်လှုပ်ရှားတဲ့အရေးကိစ္စလို့ ယူဆကြတယ်။ Women day တွေကျင်းပတာက ပိုပြီးသိသာထင်ရှားလာပြီး Gender ကို အမျိုးသားတွေက အမျိုးသမီးတွေအရေးလို့ သတ်မှတ်လိုက်ကြတယ်။ အဲဒီလို အဓိပ္ပာယ်ကောက်ယူမှုက အကြီးအကျယ်စိန်ခေါ်မှုရှိပါတယ်။



**ဒေါက်တာမင်းဇော်ဦး**

အလုပ်အမှုဆောင်ဒါရိုက်တာ

Myanmar Institute for Peace and Security (MIPS)

## အမျိုးသမီးရဲဝန်ထမ်းတွေ ဘာကြောင့်ခန့်အပ်သလဲ

မြန်မာနိုင်ငံမှာ Gender ဆိုတဲ့အကြောင်းအရာက အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခုမှာ ရှိတယ်ဆိုတဲ့အနေအထားကို ကျွန်တော်တို့စဉ်းစားပြီး သုတေသနလုပ်တာရှိပါတယ်။ ကျွန်တော်တို့ သိချင်တာက ဥပမာ- မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အမျိုးသမီးရဲအရာရှိတွေ တွေ့လာရတယ်။ဘယ်လိုကြောင့် ခန့်အပ်လာတာလဲသိချင်တော့ အဲ့ဒီအချိန်မှာ policy decision လုပ်ခဲ့သူတွေနဲ့ အင်တာဗျူးတွေ အများကြီးလုပ်ဖြစ်တယ်။ သူတို့ကိုမေးတဲ့အခါ တစ်ခုက တခြားနိုင်ငံတွေမှာ အမျိုးသမီးရဲဝန်ထမ်းတွေရှိပြီး ဒီမှာမရှိတော့ ဒါကိုရွေးရတယ်ဆိုပြီး ပြောတယ်။ အဲ့ဒီမှာ ကျွန်တော် ဘာကိုသတိထားမိလဲဆိုတော့ policy maker တွေက လုံခြုံရေးကဏ္ဍမှာ အမျိုးသမီးပါဝင်မှုကို စဉ်းစားတဲ့အခါ Supply-Driven ပုံစံနဲ့ စဉ်းစားတယ်။ အမျိုးသမီးထုလိုအပ်တဲ့ဝန်ဆောင်မှုကို ဖြည့်ဆည်းနိုင်ဖို့ အမျိုးသမီးရဲဝန်ထမ်းတွေလိုအပ်လို့ ခန့်အပ်ရတယ်ဆိုတဲ့ Demand-Driven ပုံစံနဲ့ စဉ်းစားတာမဟုတ်ဘဲ Supply ကို အခြေခံစဉ်းစားတယ်။ ငါတို့က ပေါ်လစီလုပ်ထားတယ်၊ တခြားနိုင်ငံတွေမှာလည်းရှိတဲ့အတွက် ငါတို့ဆီမှာလည်း အမျိုးသမီးရဲဝန်ထမ်းတွေ ရှိသင့်တယ်ဆိုတဲ့အခြေခံနဲ့စဉ်းစားပြီး ခန့်အပ်တာ တွေ့ရတယ်။

နောက်တစ်ခုက အမျိုးသမီးတွေနဲ့ပတ်သက်ပြီး ဝန်ဆောင်မှုပေးတဲ့အပိုင်းမှာလည်း ဥပမာ-အမျိုးသမီးတစ်ယောက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခံရလို့ report လုပ်မယ်ဆိုရင် သူ့ကိုအင်တာဗျူးလုပ်တဲ့သူက အမျိုးသမီးရဲဝန်ထမ်းဖြစ်ရမယ်။ အဲဒီလိုကိစ္စမျိုးတွေအတွက် ဒီရပ်ကွက်မှာတော့ အမျိုးသမီး ဘယ်လောက်ရာခိုင်နှုန်းရှိတယ်၊ အဲဒီအတွက် အမျိုးသမီးရဲဝန်ထမ်း ဘယ်လောက်ထားရမယ်ဆိုတဲ့ အခြေခံစဉ်းစားတာမျိုး မတွေ့ရဘူး။ သူတို့က သူတို့ရဲ့ resourceပေါ်မှုတည်ပြီး စဉ်းစားတယ်။ အဲဒီတော့ အမျိုးသမီးရဲဝန်ထမ်းမရှိတဲ့နေရာမျိုးမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ရင် အမျိုးသမီးတွေက သွားဖို့အခက်အခဲရှိလာတယ်။ ဒီလိုအခက်အခဲတွေရှိတော့ လုံခြုံရေးနဲ့ပတ်သက်ပြီး အများပြည်သူကို ဝန်ဆောင်မှုပေးတဲ့အခါမှာ Supply-Driven Perspective ကနေ Demand-Driven Perspective ကို ကူးပြောင်းဖို့လိုပါတယ်။

## အမျိုးသမီးအမတ်တွေပိုများလာဖို့ ပါတီတွေမှာ သေချာခိုင်မာတဲ့ နည်းဗျူဟာတွေ ရှိမနေဘူး

ကျွန်မတို့ EMReF က International Development Research Centre (IDRC) နဲ့တွဲပြီး အမျိုးသမီးများ နိုင်ငံရေးမှာပါဝင်မှုနဲ့ ပတ်သက်ပြီး သုတေသနကို ၂၀၁၈ ကစပြီး လုပ်နေပါတယ်။ သမိုင်းတစ်လျှောက်မှာ အမျိုးသမီးတွေ နိုင်ငံရေးမှာပါဝင်လာခဲ့တာက အရင်ကထက်စာရင် အခြေအနေတိုးတက်လာတယ်ဆိုပေမယ့် တခြား အရှေ့တောင်အာရှနိုင်ငံတွေနဲ့ယှဉ်ရင် ကျွန်မတို့ဆီမှာ နည်းနေတာ တွေ့ရတယ်။ Gatekeeper လို့ခေါ်တဲ့ CEC member တွေကို အမျိုးသမီးပါဝင်မှုအပေါ် ဘယ်လိုမြင်လဲ၊ ကျား-မတန်းတူညီမျှမှုကို ဘယ်လိုမြင်လဲ၊ ဒါနဲ့ပတ်သက်ပြီး ဘာတွေလုပ်ဆောင်နေလဲလို့ ကျွန်မတို့မေးကြည့်တဲ့အခါ သူတို့ပြောတာ (၂) မျိုးပေါ့။ တစ်မျိုးက အမျိုးသမီးတွေပါတာ အားပေးတယ်။ အမျိုးသမီးအမတ် ဒီ့ထက်ပိုများအောင်လုပ်ဆောင်ပါ့မယ်ပေါ့။ ဒါမယ့် သေချာခိုင်မာတဲ့ နည်းဗျူဟာတွေ မရှိဘူး။ အားပေးတယ်ဆိုတဲ့ အသိ၊ နားလည်မှုရှိတာတော့ တွေ့ရတယ်။ ဒုတိယတစ်ခုက ဘာလဲဆိုတော့ အမျိုးသားနဲ့ အမျိုးသမီး တန်းတူပဲ၊ အရည်အချင်းရှိတဲ့သူသာလာခဲ့လိုက်၊ ဘယ်သူမဆို ဖွင့်ပေးတယ်ဆိုတဲ့ ပုံစံမျိုးပေါ့။ အဲ့ဒီတော့ သူတို့မှာ သီးသန့်လုပ်ဆောင်တဲ့ အချက်မရှိတာ တွေ့ရတယ်။ များသောအားဖြင့် အမျိုးသမီးတွေက CEC member အနေနဲ့ဝင်ပြီး ရွေးကောက်ခံရတာ နည်းတယ်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံမယ့် ကော်မတီအဖွဲ့ထဲမှာလည်း အမျိုးသမီးနည်းတာ တွေ့ရတယ်။ ဒါပေမယ့် အောင်နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်မှုတွေမှာ အမျိုးသမီးများတာ တွေ့ရတယ်။ ဘယ်လိုဟာမျိုးလဲဆိုတော့ ကိုလိုနီခေတ်တုန်းက လွတ်လပ်ရေးလှုပ်ရှားမှုတွေမှာ အမျိုးသမီးတွေ နောက်တန်းနေရာကပါပြီး လုပ်ဆောင်ပေးရသလိုမျိုးပေါ့။

## လွှတ်တော်ထဲက အမျိုးသမီးအမတ်တွေအတွက် ကန့်သတ်ချက်များ

အမျိုးသမီးတွေ လွှတ်တော်ထဲရောက်သွားတဲ့အခါမှာလည်း အမျိုးသမီးဆိုရင် မိခင်နှင့်ကလေး၊ အမျိုးသမီးကိစ္စနဲ့ပဲ သက်ဆိုင်တယ်ဆိုပြီး ဒီလိုကော်မတီထဲမှာ အမျိုးသမီးတွေကို များသောအားဖြင့် ထည့်ကြတယ်။ ပုံမှန်အားဖြင့် ဒါက ဟုတ်ကောင်း ဟုတ်နိုင်တယ်လို့ ထင်စရာရှိပေမယ့် Gender လို့ပြောတဲ့အခါ အမျိုးသမီးက အမျိုးသမီးကိစ္စချည်းပဲ ဆောင်ရွက်ရမှာ မဟုတ်ဘူး။ ဒီအရေးမှာ အမျိုးသားတွေ ပူးပေါင်းပါဝင်မှုလည်းလိုပါတယ်။ နောက်တစ်ခုက အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေကို မေးတဲ့အခါ သူတို့က အမျိုးသမီးအရေးအတွက်ပဲထားတာမျိုး မကြိုက်နှစ်သက်ကြဘူး။ သူတို့သည် တခြားအရေးကိစ္စတွေဖြစ်တဲ့ နိုင်ငံရဲ့လုံခြုံရေး၊ စီးပွားရေး၊ သယံဇာတလိုကိစ္စတွေမှာလည်း ဝင်ပြီးဆောင်ရွက်ချင်တယ်။ စိတ်ဝင်စားမှုရှိတယ်ဆိုတာ တွေ့ရတယ်။ ဒါကတော့ လွှတ်တော်ထဲရောက်တဲ့အခါ ကန့်သတ်ထားတာပေါ့။

## စံထားစရာအမျိုးသမီးသူရဲကောင်းများ

လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ gatekeeper တွေ မေးတဲ့အခါမှာ အမျိုးသမီးရော၊ အမျိုးသားရော ဘယ်သူပဲဖြစ်ဖြစ် သူတို့ရဲ့ စံထားရတဲ့ပုဂ္ဂိုလ်ကိုမေးတဲ့အခါ အမျိုးသားတွေကိုပဲ ပြောကြတာများတယ်။ အဲ့ဒါမျိုးကိုတွေ့ရတဲ့အခါမှာ ဘယ်လိုလဲဆိုတော့ အမျိုးသမီးရယ်လို့ စံထားရမယ့် ပုဂ္ဂိုလ်မရှိဘူးပေါ့နော်။ ကျွန်မတို့ မြန်မာ့သမိုင်းတစ်လျှောက်မှာမရှိခဲ့တာ မဟုတ်ဘူး။ ရှိခဲ့တယ်။ ဒါပေမယ့် ဒါတွေကို နေရာပေးမှု နည်းတယ်ပေါ့နော်။ ဒါတွေကို ပြောင်းလဲဖို့၊ social norms တွေ ပြောင်းလဲဖို့၊ နေရာပေးဖို့ဆို community နယ်ပယ်က စမယ်ဆိုရင် အမျိုးသမီးနဲ့ပတ်သက်တဲ့ စွမ်းဆောင်ရည်ရှိတဲ့သူကို အားကျနိုင်ဖို့ သူတို့မှာအခွင့်အလမ်းတွေသင်ယူနိုင်ဖို့ကို ကျွန်မတို့က advocate လုပ်ဖို့လိုမယ်ထင်တယ်။ အဲ့ဒီခါမှာလည်း တိုင်းရင်းသားမျိုးနွယ်စုများစွာရှိတဲ့ထဲမှာ ဗမာတိုင်းရင်းသား ဗမာအမျိုးသမီးတွေတင် မဟုတ်ဘူးပေါ့လေ။ တခြားသော တိုင်းရင်းသားနယ်ပယ်က သူတို့ဆီမှာလည်း သူတို့ရဲ့အမျိုးသမီးသူရဲကောင်းတွေ ဘယ်သူတွေရှိလဲ ဒါမျိုးတွေထည့်သွင်းပြီး advocate လုပ်သင့်တယ်လို့ ကျွန်မတို့မှာ သက်သေသာဓကရလာတယ်။

## ရပ်ရွာအဆင့်မှာ အမျိုးသမီးတွေပါဝင်မှုက အဓိကကျနေ

ကျွန်မတို့ ဒီ pilot study ပြီးသွားတဲ့အခါမှာ အမျိုးသမီးတွေပါဝင်ဖို့ဆိုတာ အဓိကအခြေခံကျတာက ရပ်ရွာအဆင့်မှာရဖို့ လိုတယ်ဆိုတာ ကျွန်မတို့တွေ့ရပါတယ်။ တချို့တွေပြောကြတယ်။ အမျိုးသမီးတွေက ခုရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ရှိလာပြီပေါ့နော်။ တကယ်တမ်း ကျွန်မတို့ pilot study မှာသွားမေးတဲ့အခါမှာ အထူးသဖြင့် မငြိမ်းချမ်းတဲ့ဒေသတွေမှာ အမျိုးသမီးတွေ ပါဝင်တယ်ဆိုတာ ဟန်ပြပါပဲ။ အမျိုးသားကျေးရွာအုပ်ချုပ်ရေးမှူးထားတာထက် အမျိုးသမီးထားလိုက်ရင် လက်နက်ကိုင်တပ်ဖွဲ့တွေလာတဲ့အခါမှာ အမျိုးသမီးဆို သူတို့စဉ်းစားပုံက တမျိုးပေါ့လေ၊ အဲ့ဒါကြောင့် အမျိုးသမီးကို ဟန်ပြအဖြစ်ထားကြတာမျိုးတွေ တွေ့ရတယ်။ နောက်တစ်ခုက အမျိုးသမီးတွေကို ဘာကြောင့်မို့ ရွေးချယ်တာလဲ၊ ရွေးချယ်ဖို့ ဘာလို့သဘောတူတာလဲလို့ pilot study မှာ မေးတဲ့အခါမှာ အမျိုးသမီးတွေဆိုရင်တော့ လာဘ်စားမှုနည်းပါးမှာပဲပေါ့ အဲ့ဒီလိုမျိုး အတွေးအခေါ်မျိုး ရှိတယ်။ ဒါကြောင့်မို့ အမျိုးသမီးက သင့်တော်တယ်ဆိုတာမျိုး၊ အမျိုးသားနဲ့တန်းတူ စဉ်းစားတာမဟုတ်ဘဲ ခြွင်းချက်ကလေးတွေရှိတယ်။



**ဒေါ်အေးလဲ့ထွန်း**
Senior Program Manager (Gender and Livelihood)
Enlightened Myanmar Research Foundation (EMReF)



**ဒေါ်မေပန်းချီ**
Research Coordinator
Myanmar Institute for
Integrated Development (MIID)

### ခွဲခြားဆက်ဆံမှုက ဘာလဲ သေချာမသိကြဘူး

ကျွန်မတို့ MIID က IDRC နဲ့တွဲပြီးလုပ်တဲ့ သုတေသနက ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းမှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စု(၇)စုက အမျိုးသမီးတွေ နိုင်ငံရေးနဲ့ စီးပွားရေးမှာ စွမ်းဆောင်ရည်အပြည့် အဝပါဝင်နိုင်မှုကို ဘာတွေ အဟန့်အတားဖြစ်နေလဲ၊ အဲဒီအဟန့်အတားတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတာ ကျွန်မတို့က ဖော်ထုတ်ပါတယ်။ အဲဒီမှာ ကျွန်မတို့တွေ့ရတာက ခွဲခြားဆက်ဆံမှုက ဘယ်လိုဟာလဲဆိုတာ လုံးဝမသိကြပါဘူး။ အမျိုးသမီးတွေကိုယ်တိုင်က ဒါငါတို့ခွဲခြားခံနေရတာမဟုတ်ဘူးလို့ ထင်ကြတယ်။ အမျိုးသမီးအချင်းချင်း ခွဲခြားတာတွေလည်း အများဆုံးတွေ့ရပါတယ်။ နောက်တစ်ခုက ကျွန်မတို့ရဲ့ Local partner ကိုယ်တိုင်က ဒါက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမဟုတ်ဘူး။ အိမ်တွင်းအကြမ်းဖက်မှုလို့ပြောရင် ရိုက်နှက်လိုက်တာပေါ့။ ဥပမာ-လင်မယားရန်ဖြစ်ရင်တောင် ရိုက်မှာပဲဆိုပြီး ဒါက ဖြစ်ရိုးဖြစ်စဉ်ဆိုတာမျိုး တွေ့ရပါတယ်။ ဖွံ့ဖြိုးရေးလုပ်နေတဲ့ service provider တွေကိုယ်တိုင်က ဒါကိုမသိဘူး ဖြစ်နေတယ်။ ဒါက ကျွန်မတို့ရဲ့ စိန်ခေါ်မှုတစ်ခုပေါ့။ အဲဒီတော့ ကျွန်မတို့က Gender Equality Network တို့နဲ့ပူးပေါင်းပြီး သူတို့ကို အရင်ဆုံးသင်တန်းတွေပေးရတယ်။ သင်တန်းပေးပြီးတော့ အရမ်းကောင်းတဲ့ရလဒ်တွေ ရလာပါတယ်။

နောက်တစ်ခုက သူတို့ဆီမှာ အရမ်းကိုထင်ထင်ရှားရှား တွေ့ရတာက မူးယစ်ဆေးသုံးတယ်၊ ယောကျ်ားက ဘာမှမလုပ်ဘူး၊ မိန်းမက အကုန်လုပ်ရတယ်၊ ယောကျ်ားဆေးသုံးဖို့ ပိုက်ဆံရှာပေးရတယ်။ ဒါပေမယ့် မိန်းမတွေကိုယ်တိုင်က ငါတို့ကလေးအဖေမရှိရင်ဆိုပြီး သည်းခံနေလိုက်တယ်။ အဲ့ဒါကိုသည်းခံအောင် အားပေးတာကလည်း မိန်းမတွေဖြစ်တဲ့ သူတို့ရဲ့အမေ၊ ယောက္ခမနဲ့ ပတ်ဝန်းကျင်ပဲ။

# အရက်သောက်သုံးမှု လျှော့ချရေး အမျိုးသမီးများ ပါဝင်လျှင် ပိုအကျိုးရှိနိုင်

**ဇွန် ၂၈၊ ၂၀၁၉**

အရက်သောက်သုံးမှုလျှော့ချရေးနှင့် အရက်ကြောင့်ဖြစ်သည့် အကြမ်းဖက်မှုလျှော့ချရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်လျှင် အကျိုးကျေးဇူးပိုများနိုင်မည်ဟု သုတေသနစာတမ်းအရ သိရသည်။

အမျိုးသမီးအဖွဲ့များကွန်ရက် မြန်မာ (Women's Organizations Network of Myanmar) မှ လေ့လာခဲ့သည့် (၂၀၁၈) ခုနှစ်အတွင်း မြို့နယ် (၆) မြို့နယ်တွင် အရက်နှင့်ဆက်စပ်သည့် ကျား-မ အခြေပြု အကြမ်းဖက်မှု သုတေသနစာတမ်းတွင် ယင်းသို့အကြံပြုထားခြင်း ဖြစ်သည်။

သုတေသနကိုဦးဆောင်လေ့လာသူ အကြံပေးပုဂ္ဂိုလ် ဒေါက်တာသန်းမြင့်က "အရက်အလွန်အကျွံသောက်သုံးမှု AUDIT C ရမှတ်အရ အမျိုးသားတွေက အရက်သောက်သုံးမှု ပြင်းထန်တဲ့အဆင့်တွေရှိတာ တွေ့ရပါတယ်။ သူတို့ အရက်သောက်တာကို ဇနီး၊ သမီး၊ အမေ၊ အဒေါ် စတဲ့အမျိုးသမီးတွေကပဲ အများဆုံးတားမြစ်ကြတာကို တွေ့ရတယ်။ ဒါကြောင့် အရက်သောက်သုံးမှုနဲ့ အရက်ကြောင့်ဖြစ်တဲ့ အကြမ်းဖက်မှုတွေလျှော့ချဖို့ဆိုရင် အမျိုးသမီးတွေ ပါဝင်မှုအခန်းကဏ္ဍကို ပိုပြီးမြှင့်ဖို့လိုအပ်ပါတယ်"ဟု ဆိုသည်။

အရှေ့ဒဂုံ၊ လှိုင်သာယာ၊ ပန်းတနော်၊ ပုသိမ်၊ တောင်တွင်းကြီး၊ တီးတိန် စသည့် မြို့နယ် (၆) မြို့နယ်ကို သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လေ့လာမှုတွင် ပါဝင်သူအားလုံးသည် အိမ်ထောင်သည်များဖြစ်ကြသည်။ အရက်ဖြတ်ရန် တိုက်တွန်းပြောကြားသူများအကြောင်း လေ့လာရာတွင် အမျိုးသားအရက်သောက်သည့်သူ ၆၅ ရာခိုင်နှုန်းကို သူတို့၏ဇနီးမယားက အရက်ဖြတ်ရန် တိုက်တွန်းကြောင်း ဖြေဆိုကြပြီး၊ ၂၃ ရာခိုင်နှုန်းကျော်သော အမျိုးသမီးအရက်သောက်သူများကို သူတို့၏ အမျိုးသမီးမိတ်ဆွေများက အရက်ဖြတ်ရန် တိုက်တွန်းကြသည်။ အရက်သောက်သုံးမှု ပြင်းထန်သောအဆင့်ကို လေ့လာရာတွင် အမျိုးသား ၁၇ ရာခိုင်နှုန်းသည် အရက်စွဲမှုဖြစ်နိုင်ချေရှိပြီး အမျိုးသား ၄၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄၂ ရာခိုင်နှုန်းသည် အရက်ကြောင့် အန္တရာယ်များလာသည်ကို တွေ့ရှိရသည်။

အမျိုးသမီးများကွန်ရက် -မြန်မာမှ ဒေါ်ကေသီဝင်းက "အမျိုးသမီးတွေရဲ့ အိမ်ထောင်ဦးစီးလို့ခေါ်တဲ့ အမျိုးသားတွေဟာ အရက်သောက်ပြီး မူးလို့ အကြမ်းဖက်တဲ့အခါ အိမ်တွင်းအကြမ်းဖက်မှုမှာ ရုပ်ရော၊ စိတ်ရော၊ လိင်ပိုင်းဆိုင်ရာရော၊ စီးပွားရေးအရရော အမျိုးသမီးတွေ ခံစားနေရတယ်။ ဒီသုတေသနပေါ်မှာအခြေခံပြီး အရက်နဲ့ပတ်သက်တဲ့ မူဝါဒအားနည်းမှုတွေ၊ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ ကြိုးစားနေပါတယ်"ဟုဆိုသည်။

လေ့လာခဲ့သည့်ဒေသများတွင် အရက်သောက်သုံးမှုနှင့် အရက်နှင့်ဆက်စပ်သော အကြမ်းဖက်မှုလျှော့ချရေးစီမံချက်များ လုပ်ဆောင်ရန် လိုအပ်သည်ဟု သုတေသနက အကြံပြုထားပါသည်။

**ရွှေလေး**

# ကျား-မ တန်းတူညီမျှရေး ဆောင်ရွက်ရာတွင် ရန်သူသဖွယ် သဘောမထားရန် ဒေါ်အောင်ဆန်းစုကြည်ဆို



ဓာတ်ပုံ-Myanmar State Counsellor Office Facebook

**ဇူလိုင် ၈၊ ၂၀၁၉**

အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှရေး လုပ်ဆောင်ရာတွင် ရန်သူသဖွယ်သဘော မထားကြဘဲ မိတ်ဆွေတွေလို၊ မောင်နှမအရင်းအချာတွေလို ဖြစ်စေချင်သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင်လ ၃ ရက်နေ့ နေပြည်တော်တွင် ပြုလုပ်သည့် မြန်မာအမျိုးသမီးနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က "အားလုံး တန်းတူညီတူလက်တွဲပြီးသွားနိုင်ဖို့ ဦးတည်ရမှာ ဖြစ်ပါတယ်။ အမျိုးသမီးအချင်းချင်း စာနာနားလည်နိုင်မှ၊ ကျွန်မတို့ အမျိုးသမီးတွေ၊ အမျိုးသားတွေကြားထဲမှာ စာနာနားလည်နိုင်မှ အနာဂတ်မျိုးဆက်များရဲ့ အကျိုးကိုထမ်းဆောင်နိုင်မှာပဲ ဖြစ်ပါတယ်" ဟုဆိုသည်။

တစ်ဦးတစ်ယောက်စီ၊ အဖွဲ့တစ်ဖွဲ့စီ၊ တစ်ကွဲတစ်ပြားစီနှင့် ကိုယ့်အတွက်ပဲ လုပ်နေမည်ဆိုလျှင် မြန်မာနိုင်ငံ၏ တိုးတက်ရေးကို ပံ့ပိုးနိုင်မည်မဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

၎င်းက "ဒါကြောင့် ကျွန်မတို့အမျိုးသမီးတွေက ရှေ့ကဦးဆောင်ပြီး ညီညီညွတ်ညွတ်နဲ့ စုပေါင်းဆောင်ရွက်တဲ့ စံနူန်းတွေကို ချပေးလိုက်မယ်ဆိုရင် ဒီနေ့တစ်နေ့အတွက်၊ တစ်နှစ်အတွက်တင် မဟုတ်ဘူး။ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် အင်မတန်မှ အရေးပါမှာ ဖြစ်ပါတယ်။" ဟု ပြောကြားခဲ့ သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းခဲ့သည့်နေ့ဖြစ်သည့် ဇူလိုင်လ (၃) ရက်နေ့ ကို မြန်မာအမျိုးသမီးများနေ့ အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "ခွင့်တူညီရေး စဉ်းစားလို့ စွမ်းရည်မြှင့်ရေး အလေးပေးဖို့၊ ပြောင်းလဲမှုအတွက် ဆန်းသစ်တီထွင်စို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ် ခဲ့ခြင်းဖြစ်သည်။ ယင်းဆောင်ပုဒ်နှင့်အညီ ကျား-မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားလာနိုင်စေမည့် လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များ၊ လူမှုရေးရာဝန်ဆောင်မှုများနှင့် လုပ်ထုံးလုပ်နည်း ယန္တရားများအတွက် ဆန်းသစ်သည့်နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်သွားဖို့ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်း ပြောကြားခဲ့သည်။

**ရွှေလေး**




ဓာတ်ပုံ-Myanmar State Counsellor Office Facebook



ဓာတ်ပုံ-www.newsweek.com

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီးတွေအနေနဲ့ တိုင်းပြည်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးမှာ ပြည့်ပြည့်ဝဝ ပါဝင်ခွင့်ရရင်လူ့အဖွဲ့အစည်းက ပိုပြီးအောင်မြင်မှုတွေရလာမယ်"

------ Barack Obama

# မြန်မာအမျိုးသမီးလုပ်ငန်းရှင် (၁၀) ဦး အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု ရရှိ

**ဇွန် ၂၇၊ ၂၀၁၉**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၂၀၁၉ ခုနှစ် အာဆီယံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်ဆု (Outstanding ASEAN Women Entrepreneur Award 2019) ဆုပေးပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသမီးလုပ်ငန်းရှင် (၁၀) ဦး ဆုရရှိခဲ့သည်။

ရန်ကုန်မှ အမျိုးသမီးလုပ်ငန်းရှင် (၅) ဦးနှင့် မန္တလေးမှ အမျိုးသမီးလုပ်ငန်းရှင် (၅) ဦး စုစုပေါင်း (၁၀) ဦး ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းဆုသည် အာဆီယံနိုင်ငံများမှ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် အမျိုးသမီးများအား ပေးအပ်သည့်ဆုဖြစ်သည်။ ယင်းပြိုင်ပွဲကို ဇွန်လ တတိယသီတင်းပတ်က ထိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ အမျိုးသမီးလုပ်ငန်းရှင် (၈၇) ဦး ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုပေးပွဲကို ၂၀၁၄ ခုနှစ်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေနှင့် ၂၀၁၇ ခုနှစ်တွင် ပထမဆုံးအကြိမ် ဆုရရှိခဲ့သည်။ ယခုနှစ်တွင် ဆုအများဆုံးရရှိခဲ့ခြင်းဖြစ်ပြီး ယင်းဆုရရှိခဲ့သည့်အတွက် အာဆီယံနိုင်ငံများအထိ စီးပွားရေးချိတ်ဆက်လုပ်ကိုင်နိုင်မှုများ တိုးမြှင့်လာနိုင်မည်ဟု သိရသည်။ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်ဖြစ်ပြီး ကုမ္ပဏီသက်တမ်း (၅)နှစ်ရှိသူ၊ မိမိကုမ္ပဏီအတွင်း အမျိုးသမီးဝန်ထမ်း အလုပ်ခန့်ထားနိုင်မှု၊ ဒေသတွင်း အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုနှင့် တရားဝင်အခွန်ဆောင်ထားမှု စသည့်အချက်များနှင့်ကိုက်ညီသူများ ပြိုင်ပွဲတွင် လျှောက်ထားနိုင်သည်။

**ရွှေလေး**



ဓာတ်ပုံ-Yangon Hluttaw Facebook Page

# ရန်ကုန်တိုင်းဝန်ကြီးဌာနအသစ်အတွက် အမျိုးသမီးဝန်ကြီးတစ်ဦး ခန့်အပ်

**ဇူလိုင် ၅၊ ၂၀၁၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသစ်ဖွဲ့စည်းမည့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတွင် ဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ရန် ဒေါ်မိုးမိုးစုကြည်အား ခန့်အပ်ကြောင်း ဇူလိုင်လ (၂) ရက်နေ့က ပြုလုပ်သည့် ရန်ကုန်တိုင်းလွှတ်တော်တွင် အတည်ပြုလိုက်သည်။

ဒေါ်မိုးမိုးစုကြည်သည် မရမ်းကုန်း မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ဇူလိုင်လ (၁) ရက်နေ့က ဒေါ်မိုးမိုးစုကြည်အား ဝန်ကြီးအဖြစ်ခန့်အပ်ရန် ရန်ကုန်တိုင်းဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ (၃) ရက်နေ့တွင် ရန်ကုန်တိုင်းအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်မိုးမိုးစုကြည်သည် ရန်ကုန်တိုင်းလွှတ်တော်တွင် ကတိသစ္စာပြုခဲ့သည်။

ဒေါ်မိုးမိုးစုကြည်သည် ရန်ကုန်တိုင်းအတွင်း တတိယမြောက် အမျိုးသမီးဝန်ကြီးတစ်ဦးအဖြစ် ခန့်အပ်ခံရခြင်းဖြစ်ပြီး ယခင်က လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ဒေါ်နီလာကျော်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ဒေါ်နော်ပန်းသဉ္ဇာမျိုးတို့ကို ခန့်အပ်ခဲ့သည်။

**ရွှေလေး**